ADVISORY COMMISSION ON
RAKHINE STATE

# ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော ပြည်သူလူထုများအတွက် ငြိမ်းချမ်းမှုတ၍ သာယာဝပြောသော အနာဂတ် ပေါ်ထွန်းလာနိုင်ရေးကို ဦးတည်လျက်

## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်ချက်

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်

ရန်ကုန်မြို့ - ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်သည် ရခိုင်ပြည်နယ် တဝန်း၊ မြန်မာနိုင်ငံရှိ တခြားသော နေရာများနှင့် ဒေသတွင်းတွင် တွေ့ဆုံဆွေးနွေးပွဲများကို တစ်နှစ်တာ ပြုလုပ်ခဲ့ပြီးနောက် ၎င်း၏ အပြီးသတ် အစီရင်ခံစာကို ဩဂုတ်လ၊ ၂၃ ရက်တွင် မြန်မာနိုင်ငံ အစိုးရထံသို့ တင်သွင်းလိုက်ပြီ ဖြစ်ပါသည်။ အစီရင်ခံစာတွင် ရခိုင်ပြည်နယ်တွင် ပဋိပက္ခ ကာကွယ်တားဆီးရေး၊ ငြိမ်းချမ်းမှု ရှိရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဆင်းရဲဒုက္ခ ကြုံနေရသော လူထုအတွက် မျှော်လင့်ချက် ရောင်ခြည်ပေးနိုင်ရန် ချက်ခြင်းနှင့် ရေရှည် ဆောင်ရွက်နိုင်မည့် အကြံပြုချက်များ ပေးထားပါသည်။

ကိုဖီအာနန် ဥက္ကဋ္ဌအဖြစ် ဦးစီးဆောင်ရွက်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင် ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးမှု၊ လူသားချင်း စာနာထောက်ထားသည့် အကူအညီများ ပေးနိုင်မှု စသည့် စိန်ခေါ်မှုများကို အောင်မြင်စွာ ကျော်လွှားနိုင်မည့် အကြံပြုချက်များ ပါဝင်ပါသည်။ အစီရင်ခံစာကို ယခုနှစ်၊ မတ်လတွင် ထုတ်ပြန်ခဲ့သည့် ကော်မရှင်၏ ကြားဖြတ် အစီရင်ခံစာအပေါ် အခြေပြု၍ ရေးသားထားခြင်း ဖြစ်သည်။

“အစိုးရနဲ့ လူမှုအသိုင်းအဝိုင်း ကဏ္ဍအားလုံးရဲ့ အကူအညီရယူပြီး အစိုးရရဲ့ ဦးဆောင်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ချက်ခြင်း လုပ်ဆောင်နိုင်မှသာ ရခိုင်ပြည်နယ်တွင် ကာလရှည်ကြာ ကြုံတွေ့နေရတဲ့ ဆင်းရဲနွမ်းပါးမှုကို ပိုမို နက်ရှိုင်းစေမည့် အကြမ်းဖက်မှုနဲ့ အစွန်းရောက် အမြစ်ပြတ်ချေမှုန်းခြင်း  နောက်တခါ သံသရာ လည်စေခြင်းကို ရှောင်ရှားနိုင်မှာဖြစ်ပါတယ်” ဟု ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဥက္ကဋ္ဌ ကိုဖီအာနန်က ပြောဆိုသည်။

အပြီးသတ် အစီရင်ခံစာတွင် ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေး တို့အပေါ် အဓိက အဟန့်အတား ဖြစ်စေသည့် ဖွဲ့စည်းတည်ဆောက်မှု ဆိုင်ရာ ကျယ်ပြန့်သည့် အကြောင်းအရာများကို အသေးစိတ် ဖော်ပြထားပါသည်။

အကြံပြုချက်များတွင် နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်၊ လူသားတိုင်း ဥပဒေ၏ ရှေ့မှောက်တွင် အခွင့်အရေးများနှင့် တန်းတူညီမှု ရရှိပိုင်ခွင့်၊ နိုင်ငံသား ဖြစ်မှု ဆိုင်ရာ အထောက်အထား စာရွက်စာတမ်း ကိစ္စရပ်၊ IDP ကိစ္စရပ်များနှင့် မွတ်ဆလင် လူဦးရေကို အချိုးမညီစွာ သက်ရောက်မှုရှိနေသည့် လွတ်လပ်စွာ သွားလာခွင့် စသည့် ကိစ္စရပ်များကို အလေးပေး ဖော်ပြထားပါသည်။

အပြီးသတ် အစီရင်ခံစာပါ အကြံပြုချက်များတွင် နယ်ပယ် (၅) ခုနှင့် သက်ဆိုင်သည့် အကြောင်းအရာများနှင့် ပတ်သက်သည့် အကြံပြုချက် အကျဉ်းချုပ်သည် ယခုသတင်းထုတ်ပြန်ချက်နှင့် အတူ ပူးတွဲဖော်ပြထားပါသည်။

အစီရင်ခံစာသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမှ စ၍ ကော်မရှင်မှ ပြုလုပ်ခဲ့သော အစည်းအဝေးများနှင့် တွေ့ဆုံဆွေးနွေးပွဲပေါင်း ၁၅၀ ကျော်၏ ရလဒ်ဖြစ်ပါသည်။ ကော်မရှင် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် တဝန်း ကျယ်ပြန့်စွာ သွားလာခဲ့ပြီး ရန်ကုန်၊ နေပြည်တော်၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဂျီနီဗာမြို့တို့တွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

“ကော်မရှင်အနေနဲ့ ရိုးသားပြီး အပြုသဘောဆောင်သည့် အကြံပြုချက်များကို ပေးထားပြီး အဲဒီအကြံပြုချက်များကြောင့် ငြင်းခုံဆွေးနွေးရမှုများ ဖြစ်လာနိုင်တာကို သိရှိရပါတယ်” ဟု ကော်မရှင် ဥက္ကဋ္ဌ ကိုဖီအာနန်က ပြောကြားသည်။ “သို့သော်လည်း ကော်မရှင်က မျှော်မှန်းထားတဲ့ စိတ်ဓာတ်အတိုင်း ချမှတ် အကောင်အထည်ဖော်ခဲ့မယ် ဆိုရင် ကြားဖြတ်အစီရင်ခံစာက အကြံပြုချက်များအပါအဝင် ကျွန်တော်တို့ရဲ့ အကြံပြုချက်တွေဟာ ရခိုင်ပြည်နယ်မှာ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနဲ့ တရားဥပဒေ စိုးမိုးမှုကို လေးစားမှုများ ရရှိလာမယ်လို့ ကျွန်တော် ခိုင်ခိုင်မာမာ ယုံကြည်ပါတယ်။ အကြမ်းဖက်မှုက ရခိုင်ပြည်နယ်မှာ ကြုံတွေ့နေရတဲ့ ပြဿနာတွေအတွက် ရေရှည်ဖြေရှင်းပေးနိုင်တဲ့ အဖြေကို ပေးနိုင်မှာ မဟုတ်ပါ”

ကော်မရှင်၏ အပြီးသတ် အစီရင်ခံစာကို တင်သွင်းခြင်းနှင့်အတူ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်၏ သက်တမ်းမှာလည်း ပြီးဆုံးပြီ ဖြစ်သည်။ သို့သော်လည်း ကော်မရှင်၏ အစီရင်ခံစာတွင် အကြံပြုချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးကို သေချာစေမည့် အမျိုးသား ယန္တယားတစ်ခု ဖွဲ့စည်းသင့်ကြောင်း အကြံပြုထားပါသည်။

"ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ရခိုင်ပြည်နယ်နှင့် ပတ်သက်သည့် မူဝါဒများကို ညှိနှိုင်း ပေါင်းစပ်ပေးသည့် တာဝန်တစ်ခုတည်းကိုသာ ယူသည့် ဝန်ကြီးအဆင့် တာဝန်ခံတစ်ဦး ခန့်အပ်ရန် ကျွန်တော်တို့ အဆိုပြုထားပါတယ်။" ဟု ကော်မရှင် ဥက္ကဋ္ဌ ကိုဖီအာနန်က ပြောကြားသည်။ "ဝန်ကြီးအဆင့် ရှိသည့် တာဝန်ခံသည် လုပ်ငန်းများကို ထိရောက်စွာ လုပ်ဆောင်နိုင်ရန် အတွက် လုံလောက်သည့် ဝန်ထမ်းအင်အားနဲ့ ဖွဲ့စည်းထားတဲ့ အမြဲတမ်း အထောက်အကူပြုအဖွဲ့ (Secretariat) မှ လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရပါမယ်။ ထိုအထောက်အကူပြုအဖွဲ့သည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီရဲ့ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ရမည် ဖြစ်ပြီး ဗဟိုကော်မတီ၏ လုပ်ငန်းများကိုလည်း အထောက်အပံ့ပြုရပါမည်။"

## <u>ကော်မရှင် အကြောင်း</u>

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ မေတ္တာရပ်ခံချက်နှင့် အတူ ကိုဖီအာနန် ဖောင်ဒေးရှင်း၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ကို ကြားနေဘက်မလိုက်သော အဖွဲ့အစည်းအဖြစ် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်သည် ရခိုင်ပြည်နယ်တွင် ရေရှည် ကြုံတွေ့နေရသည့် ပြင်းထန်သည့် စိန်ခေါ်မှုများဖြစ်သည့် စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးမှုနိမ့်ပါးခြင်း၊ လူ့အဖွဲ့အစည်းကြား ဆက်ဆံရေး တင်းမာမှုများက ခြိမ်းခြောက်နေသည့် အန္တရာယ်များ၊ နိုင်ငံသားဖြစ်မှု ဆိုင်ရာ ကိစ္စရပ်များနှင့် လွတ်လပ်စွာ သွားလာနိုင်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု စသည့် ကိစ္စရပ်များနှင့် ပတ်သက်သည့် အကြံပြုချက်များ ပံ့ပိုးပေးရမည် ဖြစ်သည်။

အကြမ်းဖက်မှု သံသရာ၊ ဆင်းရဲနွမ်းပါးမှုနှင့် အစွန်းရောက် အမြစ်ပြတ်ချေမှုန်းခြင်း သံသရာလည် ခြင်းကို အဆုံးသတ်နိုင်မည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရန် လမ်းသစ် အမြန် ဖော်ဆောင်နိုင်ရေးအတွက် အစိုးရက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်ကို ၂၀၁၆ ခုနှစ်တွင် စတင် ဖွဲ့စည်းခဲ့ပါသည်။

ကော်မရှင်ကို ပြည်တွင်းပညာရှင် ၆ ဦး၊ နိုင်ငံတကာပညာရှင် ၃ ဦးဖြင့် ဖွဲ့စည်းထားပြီး ကိုဖီအာနန်မှ ဥက္ကဋ္ဌ အဖြစ် ဦးစီးဆောင်ရွက်ပါသည်။ ပါဝင်သည့် ကော်မရှင် အဖွဲ့ဝင်များမှာ -

- ကိုဖီအာနန်၊ ကိုဖီအာနန် ဖောင်ဒေးရှင်း ဥက္ကဋ္ဌ၊ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် (၁၉၉၇ မှ ၂၀၀၆ ခုနှစ်)၊ ငြိမ်းချမ်းရေးနိုဘယ်ဆု (၂၀၀၁)။
- ဦးဝင်းမြ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ။

- ဒေါက်တာ သာလှရွှေ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဥက္ကဋ္ဌဟောင်း။
- ဂါဆန် ဆာလမ်မေ၊ လစ်ဗျားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ မစ်ရှင်၏ အကြီးအကဲနှင့် အထူးကိုယ်စားလှယ်။
- လက်ဘနွန်နိုင်ငံ အမျိုးသား အမွေအနှစ်များနှင့် အနုပညာဆိုင်ရာ ယဉ်ကျေးမှု ဝန်ကြီး (၂၀၀၀ မှ ၂၀၀၃ ခုနှစ်)၊ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အကြီးတန်းအကြံပေး (၂၀၀၃ မှ ၂၀၀၆ ခုနှစ်)။
- လတေးရှ ဗန်ဒန် အာဆမ်၊ အေအိုင်ဒီအက်စ် ကိစ္စရပ်များ ဆိုင်ရာ ကုလသမဂ္ဂ၏ အထူးအကြံပေး သံတမန် ဝန်ကြီး (၂၀၀၅ မှ ၂၀၀၆ ခုနှစ်)၊ ဗြိတိန်နိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ် ဝန်ကြီး (၂၀၁၂ မှ ၂၀၁၅ ခုနှစ်)။
- ဦးအေးလွင်၊ ငြိမ်းချမ်းမေတ္တာအဖွဲ့ကို တည်ထောင်သူ။
- ဒေါက်တာမြသီတာ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၏ သားဖွားနှင့် မီးယပ်ပညာအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆေးပညာရှင် အဖွဲ့ အသင်းဝင်။
- ဦးခင်မောင်လေး၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင်။
- ဒေါ်စောခင်တင့်၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်) ၏ ဥက္ကဋ္ဌနှင့်  ရခိုင်အမျိုးသမီး အသင်း (ရန်ကုန်) ၏ ဒုတိယဥက္ကဋ္ဌ ။